

**(ဒီဇင်ဘာ ၂၈ ရက်မှအဆက်)**

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

**မင်းဗထူး**

## ယုံကြည်စိတ်ချရမှု ထပ်လောင်းတည်ဆောက်ခြင်း

ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးတို့ဟာ စက်ဝိုင်းတစ်ခုတည်းမှာ ရှေ့နောက်ပြေးနေကြပါတယ်။ အစိုးရ နဲ့ ပြည်သူ့ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချရခြင်းဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးကို အားပေးသလို ကောင်းမွန်တဲ့အုပ်ချုပ်ရေးကလည်း ယုံကြည်စိတ်ချရမှုကို ပြန်လည်မြှင့်တင်ပေးပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုနဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရမှု သဘောတရားတို့ကို ကျင့်သုံးခြင်းဟာ သီအိုရီအယူအဆရေးရာ အခိုင်အမာရှိပြီးဖြစ်တဲ့အပြင် လက်တွေ့ကျင့်သုံးမှု အတွေ့အကြုံ သာဓကများကလည်း အများအပြား ရှိနေပြီဖြစ်တဲ့အတွက် နိုင်ငံရေး ခေါင်းဆောင်တိုင်းဟာ ယုံကြည်စိတ်ချရမှုရရှိရေးကိုရှေ့တိုးပြီး လုပ်ဆောင်နေကြရပါမယ်။ အဲဒီလို ယုံကြည်စိတ်ချရမှု ရရှိအောင် ထပ်လောင်းတည်ဆောက်ရာမှာ ကျွန်တော်တို့ဟာ အောက်ပါ မဟာဗျူဟာများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ရပါ့မယ်လို့ ပညာရှင်တချို့ကဆိုကြပါတယ်-

(၁) အပြောနဲ့အလုပ် တစ်ထပ်တည်းကျစေခြင်းဖြင့် ပြည်သူလူထုရဲ့ ကောင်းကျိုးအတွက် စစ်မှန်တဲ့ အလေးအနက်ထား ရှိမှုကိုပြသရပါမယ်။ ဒါဟာ သီလစောင့်ထိန်းမှု နဲ့ ကိုယ်ကျင့်တရား ကောင်းမွန်မှုကိုအလေးပေးတဲ့ **"ကိုယ်ကျင့်သိက္ခာအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၂) ပြည်သူလူထုရဲ့ ကောင်းကျိုးအတွက် ရည်မှန်းချက်နဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ကိုကိုယ်မြှုပ်နှံပြီး လုပ်ကိုင်နေစဉ်မှာပဲ မိမိ မဲဆန္ဒရှင်များရဲ့ အကျိုးစီးပွားအတွက်လည်း တတ်နိုင်သမျှ အားထုတ်လုပ်ကိုင် ပေးရပါမယ်။ ဒါဟာ စီးပွားရေး စွမ်းဆောင်ရည်ရှိမှုနဲ့ ပြည်သူလူထုအရေးကို အလေးပေးတဲ့ **" စီးပွားရေးအရ ယုံကြည်စိတ်ချရမှု "** ဖြစ်ပါတယ်။

(၃) နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးကို လက်တွေ့ အကောင်အထည်ဖော်နေခြင်း အားဖြင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တိုက်ရိုက်ရရှိနိုင်ပြီး လူမှုရေးအရ ယုံကြည်စိတ်ချရမှုကို သွယ်ဝိုက်ရရှိနိုင်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုတွင် လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်းနဲ့ အသစ်ပြုပြင်ခြင်းတို့ဟာ လူမှုရေး တိုးတက်ကောင်းမွန်မှုအတွက်အကျိုးပြုနိုင်ပါတယ်။ဒါဟာ နိုင်ငံရေးအရ တရားဝင်လက်ခံမှုကို အလေးပေးတဲ့ **"နိုင်ငံရေးအရယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၄) လူမှုရေးအရ ပြုပြင်ပြောင်းလဲမှုတွေကို ထည့်သွင်း ဆောင်ရွက်စေခြင်းဖြင့် လူမှုအဖွဲ့အစည်းများကို အားကောင်းစေပြီး နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု နဲ့ ရှေ့ဆင့်

နောက်ဆင့် တိုးတက်မှုများကို ရရှိစေပါတယ်။ ဒါဟာ လူမှုရေးအရင်း စုစည်း ခိုင်မာရေး ကို အလေးပေးတဲ့ **"လူမှုရေးအရယုံကြည် စိတ်ချရမှု "**ဖြစ်ပါတယ်။

(၅) နည်းပညာအသစ် တီထွင်ပြောင်းလဲခြင်းတွေကို လက်ခံကျင့်သုံးခြင်းဖြင့် အီလက် ထရွန်းနစ်နည်းပညာ အသုံးပြုတဲ့ အစိုးရရဲ့လုပ်ငန်းများ ပိုမိုအစွမ်းထက်စေခြင်း၊ လူအများပါဝင်မှုရရှိစေခြင်းနဲ့ လူထုအတွက်လွယ်ကူသက်သာစေခြင်းတို့ကို ဖြစ်ပေါ် စေပါတယ်။ ဒါဟာ နည်းပညာအသစ် တီထွင်ပြောင်းလဲမှုရှိခြင်း၊ တာဝန်ခံမှု ရှိခြင်းနဲ့ သမမျှတမှုရှိခြင်းတို့ကိုအလေးပေးတဲ့**"နည်းပညာအရယုံကြည်စိတ်ချရမှု"**ဖြစ်ပါတယ်။

(၆) ပြည်သူလူထု အုပ်ချုပ်ရေးလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း များကို လွယ်ကူပြေပြစ်စေရန် ပြုလုပ်ပေးခြင်းဖြင့် လူထုအတွက်ရော ၊ နိုင်ငံ့ ဝန်ထမ်းများအတွက်ပါ မလိုအပ်ဘဲ ပုံစံဖြည့်သွင်းရခြင်း၊ လက်မှတ်ရေးထိုးရခြင်း စသည့် အခက်အခဲများကို နည်းပါးသွားစေပါတယ်။ ဒါဟာ စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲခြင်းနဲ့ ဝန်ဆောင်မှုပေးခြင်းတို့အပေါ် အလေးပေးတဲ့ **" အုပ်ချုပ်ရေးအရ ယုံကြည်စိတ်ချရမှု "** ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ် ၊ အစိုးရများ၏ အသစ်ထပ်မံ တီထွင်ဖန်တီးခြင်း နဲ့ ပတ်သက်တဲ့ သတ္တမ အကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲမှာ "ကမ္ဘာ့နိုင်ငံ အစိုးရများ၏ ယနေ့အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်ချက်မှာ **ယုံကြည်စိတ်ချရမှု တည်ဆောက်ရေးကို ပန်းတိုင် အဖြစ်ထားရှိရန်** နှင့် မျက်နှာစာတိုင်းတွင် ယုံကြည်စိတ်ချရမှုရှိစေနိုင်သော မဟာဗျူဟာ နှင့် ယန္တရားများ ချမှတ်ကျင့်သုံးရန်" တို့ဖြစ်ကြောင်း တညီတညွတ်တည်းထောက်ခံ အတည်ပြုခဲ့ကြ ပါတယ်။ ဒ့ါအပြင် အဲဒီဆွေးနွေးပွဲမှာပဲ နိုင်ငံရေးခေါင်းဆောင်များက ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ အချိန်ယူရမှာဖြစ်ကြောင်း၊ အစိုးရနဲ့လူထုအကြား ယုံကြည်စိတ်ချရမှု ထွန်းကား လာခြင်း မဖြစ်ပေါ်မီ ၎င်းတို့က ယုံကြည်စိတ်ချရမှုရရှိအောင် အကြိမ်ကြိမ်အထပ်ထပ် လုပ်ပြ နေရမှာ ဖြစ်ကြောင်း အပြီးသတ် ဆုံးဖြတ်ခဲ့ကြပါတယ်။

ဒါကြောင့် ယခုခေတ်မှာ အစိုးရများဟာ အစိုးရဌာနအသီးသီးရဲ့ မူဝါဒများ နဲ့ ဝန်ဆောင်မှု တွေအပေါ် ပြည်သူလူထုရဲ့ အမြင်သဘောထားများကို တိုင်းထွာသိရှိနိုင်ဖို့ အထူးလိုအပ်လာပြီဖြစ် ပါတယ်။ လူထု သဘောထား စစ်တမ်းကောက်ယူမှုတွေကို အသုံးပြုပြီး လူထုရဲ့အမြင်၊ လူထုရဲ့ မျှော်လင့်ချက်များကို သိရှိရပြီဆိုပါက အစိုးရများဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက်အတိုင်း ရည်မှန်းချက်တွေကို အောင်မြင်ပြီးမြောက်စေဖို့ အထိရောက်ဆုံး နည်းလမ်းတွေကို အသုံးပြုပြီး အမြန်ဆုံး အကောင်အထည် ဖော်ကြရပါမယ်။ တူနီးရှားနိုင်ငံမှာ လူထုအသံ နားထောင်ရေး ဗျူရို များကို နိုင်ငံအနှံ့ ထူထောင်ထားသလို အခြားဖွံ့ဖြိုးဆဲ နိုင်ငံအချို့မှာလည်း နည်းအမျိုးမျိုးနဲ့ အစိုးရဌာနများရဲ့ လုပ်ဆောင်ချက်တွေအပေါ် သဘောထားကောက်ခံမှုများ ရှိနေကြပါတယ်။ လူဇင်ဘတ် နိုင်ငံရဲ့ အီလက်ထရွန်းနစ် သတင်းပို့ရေး အစီအစဉ်ဟာ အဆင့်အတန်းမရွေး လူထုက သတင်းအချက်အလက်များ ရရှိနိုင်စေဖို့၊ အစိုးရနဲ့တိုက်ရိုက် ထိတွေ့ဆက်ဆံနိုင်တဲ့ ကိရိယာများကို အသုံးပြုနိုင်ဖို့နဲ့ အစိုးရကိုတိုက်ရိုက် အကြံဉာဏ်ပေးနိုင်တဲ့ အခွင့်အရေးတွေ ရရှိဖို့အတွက် အထောက်အကူ ဖြစ်စေပါတယ်။ လူမှုရေး တည်ငြိမ်အေးချမ်းမှုနဲ့ တာဝန်ခံမှုရှိတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တာရှည်ခံအောင် ထိန်းသိမ်းရာမှာ ကိုရီးယားသမ္မတနိုင်ငံဟာ အင်တာနက် ကွန်ယက်တစ်ခု ထူထောင်ထားပြီး ပြည်သူလူထုက အုပ်ချုပ်ရေးယန္တရားကို ပေးပို့လိုတဲ့ မေတ္တာ

ရပ်ခံချက်၊ ထောက်ခံချက်၊ တိုက်တွန်းချက်တို့ကို စနစ်တကျ စီမံခန့်ခွဲပေးလျက်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာလည်း တရားဥပဒေ လိုက်နာစောင့်ထိန်းရေးကို အုပ်ချုပ်မှုအဖွဲ့က တာဝန်ခံရတဲ့ စနစ်တစ်ခုကို သုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။

**ယုံကြည်စိတ်ချရမှုတည်ဆောက်ခြင်းနှင့်ဒီမိုကရေစီ**

ကျွန်တော်တို့အားလုံးရဲ့ အကျိုးစီးပွားအတွက် သဘာဝကျကျ နားလည်လက်ခံမှု တစ်ရပ် အနေနဲ့ဖြစ်ဖြစ်၊ မျှတမှုနဲ့ ရိုးသားဖြောင့်မတ်မှုအပေါ် ယုံကြည်တဲ့စိတ်ခံစားချက်နဲ့ဖြစ်ဖြစ် ၊ စဉ်းစား ကြမယ်ဆိုရင် ယုံကြည်စိတ်ချရမှုဟာ နေရာတိုင်း အချိန်တိုင်းမှာရှိနေရမှာဖြစ်ပါတယ်။ အစိုးရနဲ့ သူ့ရဲ့ ဦးစီးဌာနများ အပါအဝင် မဏ္ဍိုင်သုံးရပ်စလုံးနဲ့ နိုင်ငံရေးစနစ်တစ်ခုလုံး သာမက လူတစ် ဦးချင်းစီ အတွက်လည်း သက်ဆိုင်ပါတယ်။

ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများက ယုံကြည်စိတ်ချရမှုကို တည်ဆောက်ဖို့နဲ့ တာရှည်ခံအောင် ထိန်းသိမ်းဖို့အတွက် နည်းလမ်းတွေ အမြောက်အမြားကို ဖော်ထုတ်ခဲ့ကြပေမယ့်လည်း အဓိကကျတဲ့ နည်းလမ်းတွေကတော့ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်တဲ့ တရားစီရင်ရေး၊ လွတ်လပ်မျှတပြီး ပုံမှန်ဖြစ်တဲ့ရွေးကောက်ပွဲ၊ တရားဥပဒေနဲ့ညီညွတ်တဲ့ လွှတ်တော်လုပ်ငန်း၊ ရှင်သန်အားကောင်းတဲ့ လူထုအဖွဲ့အစည်း၊ အကျင့်ပျက်ခြစားမှု နဲ့ အကျင့်ပျက်ခြစားမှု အသွင်သဏ္ဍာန် ပေါ်ပေါက်မှုတို့ကို တိုက်ဖျက်ရေး၊ ဒေသန္တရအုပ်ချုပ်ရေးနဲ့ လက်အောက်သို့ အာဏာဖြန့်ခွဲပေးရေး၊ အီလက်ထရွန်းနစ် ဖြင့် လုပ်ငန်းများဆောင်ရွက်တဲ့ အုပ်ချုပ်ရေးစနစ်စသည်တို့ပဲဖြစ်ပါတယ်။

ယုံကြည်စိတ်ချရမှု တည်ဆောက်ခြင်းလုပ်ငန်း နဲ့ ယုံကြည်စိတ်ချရမှုကို ရေရှည်ထိန်းသိမ်းရန် ပျက်ကွက်လျှင် ဒီမိုကရေစီအုပ်ချုပ်ရေးကို ထိခိုက်စေသလို ဒီမိုကရေစီအုပ်ချုပ်ရေးကို ပျက်ကွက် လျှင်လည်း ယုံကြည်စိတ်ချရမှုကို ထိခိုက်စေပါတယ်။ ဒီနှစ်ခုအကြား ကွဲပြားခြားနားချက်ဟာ အလွန် သိမ်မွေ့ပါတယ်။ ယုံကြည်စိတ်ချရမှုက ဂုဏ်သိက္ခာနဲ့ တရားဝင်လက်ခံမှု တည်ရှိခြင်းတို့အပေါ်တွင် ပိုပြီး အလေးပေးမှု ရှိခြင်းသဘောကလေးသာ ကွာခြားပါတယ်။ ဒါ့ကြောင့် ယုံကြည်စိတ်ချရမှု ထင်ရှားစွာ တည်ရှိနေသရွေ့၊ ယုံကြည်စိတ်ချရမှုကျင့်စဉ်ဖြစ်ထွန်း အောင်မြင်နေသရွေ့ ၊ ဒီမိုကရေစီ အုပ်ချုပ်ရေးဟာလည်း တာရှည်တည်တံ့ ခိုင်မြဲ နေမှာဖြစ်ကြောင်းပါခင်ဗျား။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)